အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]

Women's League of Burma

## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ပဉ္စမ အကြိမ်ညီလာခံ
## ထုတ်ပြန်ကြေငြာချက်

၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ ပဉ္စမအကြိမ် ညီလာခံကို ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့မှ (၁၇) ရက်နေ့အထိ ထိုင်း မြန်မာ နယ်စပ်တနေရာတွင် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ညီလာခံသို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အဖွဲ့ဝင်အဖွဲ့အစည်းများ မှ ကိုယ်စားလှယ်များနှင့် စတုတ္ထအကြိမ် ညီလာခံသက်တမ်းမှ အလုပ်အဖွဲ့ဝင်များ အပါအဝင် စုစုပေါင်း (၅၅) ဦး တက်ရောက် ခဲ့ကြသည်။

ညီလာခံတွင် စတုတ္ထအကြိမ် ညီလာခံသက်တမ်းအတွင်း အဖွဲ့ချုပ်၏ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ခြင်း၊ ဖွဲ့စည်းပုံစည်းမျဉ်း များကို ပြင်ဆင်ဖြည့်စွက်အတည်ပြုခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့အပြင် မြန်မာ့နိုင်ငံရေး အခြေအနေကိုလည်း သုံးသပ်ခဲ့ကြသည်။

လက်ရှိမြန်မာ့နိုင်ငံရေးကို သုံးသပ်ရာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးခွန်ထွန်းဦး အပါအဝင် နိုင်ငံရေး အကျဉ်းသားများကို လွှတ်မပေး သည့်အပြင် နည်းမျိုးစုံဖြင့် အစီစဉ်ချ တိုးချဲ့ဖမ်းဆီး၊ ညှင်းပမ်းနှိပ်စက်မှုများ ပြုလုပ်လျှက်ရှိသည်။ ထို့အပြင် နိုင်ငံရေးပါတီများနှင့် ဒီမိုကရေစီရေး လှုပ်ရှားတက်ကြွသူများကို လွှတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်မပေးပဲ စစ်အစိုးရမှ ဆက်လက်လုပ်ဆောင်သွားမည့် ၂၀၁၀ ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတမှုရှိမည်မဟုတ်ဟု ရှုမြင်သုံးသပ်သည်။ ထိုသို့ ပြည်သူလူထုတရပ်လုံး၏ ဆန္ဒကို လျစ်လျူရှု ၍ စစ်အစိုးရမှ တဖက်သတ် အကောင်အထည်ဖော်ဆောင် ရွက်သွားမည့် ၂၀၁၀ ရွေးကောက်ပွဲအား မိမိတို့မှကန့်ကွက် ရှုံ့ချသည်။

အဖွဲ့ချုပ်၏ ပဉ္စမအကြိမ် ညီလာခံသက်တမ်းကာလအတွင်း ရှေ့လုပ်ငန်းစဉ်များအဖြစ် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် ပြန်လည် သင့်မြတ်ရေးလုပ်ငန်းစဉ်၊ အမျိုးသမီးများအကြမ်းဖက်မှု ဆန့်ကျင်ရေးလုပ်ငန်းစဉ်၊ အမျိုးသမီးများ နိုင်ငံရေးစွမ်းရည်မြှင့်တင်ရေး လုပ်ငန်းစဉ်ကြီး သုံးခုအပြင် စစ်အာဏာရှင်စံနစ် အမြဲတည်ရှိစေမည့် စစ်အစိုးရ၏ဖွဲ့စည်းပုံကို အခြေခံထားသော ၂၀၁၀ ရွေးကောက်ပွဲအား ဆန့်ကျင် ကန့်ကွက်သည့် လှုပ်ရှားမှုများကို ဦးစားပေးလုပ်ဆောင်သွားရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ထို့အပြင် အတိုက်အခံအင်အားစုများအကြား စုစည်းမှုရှိသော ခိုင်မာကျယ်ပြန့်သည့် တပ်ပေါင်းစု တရပ်ဖေါ်ဆောင်ရန် မှုအားဖြင့် သဘောတူသည်။ သို့သော် ဒီမိုကရေစီနည်းကျ ဖွဲ့စည်းမှုအသွင်မဆောင်သော မည်သည့်အစိုးရ၊ တပ်ပေါင်းစုကိုမှ လက်မခံသည့်အပြင် ညီညွတ်ရေးကို ပြိုကွဲစေသည့် မည်သည့် လုပ်ဆောင်မှုမျိုးကိုမှလည်း အားပေးထောက်ခံသွားမည် မဟုတ်ဟု အဖွဲ့ချုပ်မှ ဆုံးဖြတ်သည်။

အဖွဲ့ချုပ်၏ လာမည့်သက်တမ်း(၂) နှစ်တာကာလအတွင်းတွင် ညီလာခံမှ အတည်ပြုချမှတ်ခဲ့သော လုပ်ငန်းစဉ်များကို ပြီးမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် အတွင်းရေးမှူးအဖွဲ့ဝင် (၃) ဦးအား ရွေးချယ်တင်မြှောက်ပြီး မူဝါဒရေးရာများကို ဦးဆောင်မည့် သဘာပတိအဖွဲ့အား အဖွဲ့ဝင် အဖွဲ့အစည်းများမှ ပေးအပ်သော ကိုယ်စားလှယ်တဦးစီဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သည်။ ထို့အပြင် အတွေ့အကြုံ ရင့်ကျက်သောအမျိုးသမီးခေါင်းဆောင်များနှင့် အဖွဲ့ချုပ်အား စတင်ဖွဲ့စည်းထူထောင်ခဲ့သော အမျိုးသမီးခေါင်းဆောင်များ ပါဝင်သည့် အကြံပေး အဖွဲ့ တစ်ခုလည်း ဖွဲ့စည်းနိုင်ခဲ့သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)သည် ငြိမ်းချမ်း၍တရားမျှတသော လူ့ဘောင်အဖွဲ့အစည်းသို့ရှေ့ရှု၍ အမျိုးသမီးများဘဝအဆင့် အတန်းတိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့်အဖွဲ့ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနယ်စပ်အခြေစိုက် မြန်မာ နိုင်ငံမှ အမျိုးသမီးအဖွဲ့စုစုပေါင်း (၁၂) ဖွဲ့ဖြင့် ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ(၉)ရက်နေ့တွင် ဖွဲ့စည်းခဲ့သော အဖွဲ့ချုပ်ဖြစ်သည်။

အဖွဲ့ချုပ်၏ ပဉ္စမအကြိမ် ညီလာခံသက်တမ်းကာလတွင် တာဝန်ယူဆောင်ရွက်သွားရန် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည့် အတွင်းရေးမှူး အဖွဲ့ဝင် (၃) ဦး မှာ အောက်ဖေါ်ပြပါအတိုင်းဖြစ်သည်။

| | |
|---|---|
| (၁) အထွေအထွေအတွင်းရေးမှူး | လွေးအေးနန်း |
| (၂) တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) | တင်တင်နွယ် |
| (၃) တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) | စောစံငြိမ်းသူ |


**ဆက်သွယ်ရန် –**

လွေးအေးနန်း ဖဖ ၈၉၄၃၄၂၈၄၁

တင်တင်နွယ် ဖဖ ၈၇၈၄၉၉၃၃၂